# ဒုတိယအကြိမ်မြောက် ကချင်အမျိုးသားရေး မူဝါဒဆိုင်ရာ လူထုတွေ့ဆုံဆွေးနွေးပွဲ
# (ညီလာခံ)

နေ့စွဲ။ ။၂၀၁၈ ခုနှစ် နိုဝင်ဘာလ၊ ၁၃ ရက်၊

**ထုတ်ပြန်ကြေညာချက်**

၁။ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် မှ ၁၃ ရက်ထိ ဒုတိယ အကြိမ်မြောက် ကချင်အမျိုးသားရေးဆိုင်ရာ မူဝါဒ တွေ့ဆုံ ဆွေးနွေးပွဲကို ငြိမ်းချမ်းရေးနှင့်နိုင်ငံရေး ရှေ့လုပ်ငန်းစဉ် အကြံပေးအဖွဲ့ (Kachin Political Consultative Team) မှ ဦးဆောင်၍ ကချင်ပြည်၊ လိုင်ဇာမြို့ရှိ မနောကွင်း ခန်းမဆောင်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

၂။ လူထုတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်တွင်း၊ပြည်ပ အနယ်နယ်အရပ်ရပ်မှ ကချင်လူထုအခြေပြု အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ၊ ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူး ဖိတ်ကြားထားသည့် ရပ်မိရပ်ဖ ကိုယ်စားလှယ်များ၊ စုစုပေါင်း (၅၀၀) ကျော် တက်ရောက်တွေ့ဆုံ ဆွေးနွေး ခဲ့ပါသည်။

၃။ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပရခြင်းမှာ ကချင်အမျိုးသားရေးဆိုင်ရာ ရှေ့ဆက်လုပ်ငန်းစဉ်များကို ကချင် လူထုနှင့်အတူ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းရန် ဖြစ်သည်နှင့်အညီ ပထမအကြိမ် ကချင်အမျိုးသား ရေးဆိုင်ရာ မူဝါဒ တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးရန် တင်သွင်းထားသည့် ခေါင်းစဉ် ၅ ခု ဖြစ်သော - ၁) နိုင်ငံရေးဆိုင်ရာမူဝါဒ၊ ၂) လုံခြုံရေးနှင့် လူထုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ၊ ၃) စီးပွားရေးဆိုင်ရာ မူဝါဒ၊ ၄) လူမှုရေးဆိုင်ရာ မူဝါဒ၊ ၅) ကချင်ရိုးရာယဉ်ကျေးမှုဆိုင်ရာ မူဝါဒများကို အဓိကထား ဆွေးနွေး ရန်ဖြစ်သည်။ ဆက်လက်ပြီး ကချင်မြေယာမူဝါဒနှင့် ကချင်သဘာဝသယံဇာတ ဆိုင်ရာမူဝါဒ၊ (Kachin Land policy and Natural Resources Policy) များကို ဆုံးဖြတ်အတည်ပြု ခဲ့ကြပါသည်။

၄။ လက်ရှိနိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် တစ်ဆို့ခက်ခဲစေသော အကြောင်းအရာများ နှင့် IDPs ကိစ္စရပ်များအပေါ်တွင် ကချင်လူထု၏ အမြင်သဘောထားများကို စုစည်းရရှိခဲ့ပါသည်။

၅။ ကချင်လူထုအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွင် အခြားညီနောင် တိုင်းရင်းသားများနှင့်အတူ ဆက်လက်ပူးပေါင်းပါဝင်သွားကြရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

ဆက်သွယ်ရန်

၁။ ဆရာ ဒေါင်ခါး - +95 (0) 9440002724
၂။ တရားလွှတ်တော်ရှေ့နေ လရီး လ - +95 (0) 95262410
၃။ ဆရာမ တန်ဘောင် ရွှယ်ဆိုင်း - +86 13759233327
၄။ ဆရာမ မရန် ဆန်ထွယ် - +95 (0) 9423076625